mgyoe.com

စိတ်ကူးချိုချိုအနုပညာ

# စေ့စေ့တွေးပြီး ဖြည်းဖြည်းရယ်


## ဟာသများ

ရဲမတိုင်း




mgyoe.com

mgyoe.com



YST0007

700.00 KS

mgyoe.com

mgyoe.com

စေ့စေ့တွေး ပြေးပြေးရယ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၄၄၀၂၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၃၃၅၀၃၁၁ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ ဇွန်လ တွင် တန်ဖိုး ၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် သစ္စာ

ဂ၀၇ • ဂ၇

ရဲစတိုင်း

စေ့စေ့တွေး ပြေးပြေးရယ် / ရဲစတိုင်း။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၁၃၆ မျက်နှာ၊ ၁၀ • ၅ စင်တီ× ၁၆ • ၅ စင်တီ

(၁) စေ့စေ့တွေး ပြေးပြေးရယ်

mgyoe.com

mgyoe.com

ပိုင်ရှင်မတွေ့အောင်

"မနေ့ကကောက်ရတဲ့ ဘောလုံးနဲ့ ဘာလို့အပြင်ထွက် မဆော့တာလဲ"

"ဘောလုံးပိုင်ရှင်တွေ့ရင် ပြန်တောင်းမှာစိုးလို့"



mgyoe.com

mgyoe.com

## မအိပ်ကြသေးဘူး

"မင်းအမျိုးသားက အိပ်ရင် ဟောက်တတ်သလား"

"မသိဘူးအေရဲ့၊ ကိုယ်တို့ညားတာ သုံးရက်ပဲရှိသေးတယ်"

## စာမူခအများဆုံး

"ဘယ်လိုစာမူမျိုးက ပိုက်ဆံအများဆုံးရသလဲ စာရေးဆရာကြီးရဲ့

"ပြန်ဒပေးဆွဲတဲ့ စာ"

mgyoe.com

mgyoe.com

## ရယ်ရတယ်

မိန်းမဖြစ်သူသည် တယ်လီဖုန်း နားထောင်ပြီးနောက် အိပ်ခန်းထဲရှိ လင်ငယ်ကို ပြောလိုက်သည်။

"ကျွန်မယောကျာ်းက ဖုန်းလှမ်းဆက်တာလေ၊ အပြန် နောက်ကျမယ်တဲ့ ... ဟင်း ဟင်း ဟင်း ရယ်ရတယ်၊ သူက ရှင်နဲ့အတူ ဘီလီယက် ထိုးနေလို့တဲ့"



mgyoe.com

mgyoe.com

# ပင်ပန်းလွန်းလို့ပါ

အရက်မူးသမားတစ်ယောက် အရက်ဆိုင်ထဲဝင်လာသော အခါ ဆိုင်ရှင်က ဘာသောက်မလဲ မေးမြန်းလိုက်သဖြင့် ထိုသူက ပြန်ဖြေကြားလိုက်သည်။

"အေးဗျာ ... ပင်ပန်းလိုက်တာ လွန်ရောပဲ၊ ခင်ဗျားစဉ်းစား ကြည့်လေ၊ ကျုပ်တို့ အမေရိကန်နိုင်ငံမှာ လူဦးရေ ၂၃၇ သန်းရှိ တယ်၊ အဲဒီထဲမှာ ၁၀၄သန်းက အငြိမ်းစားတွေ၊ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်မစွမ်းတွေ။ ဒီတော့ အလုပ်လုပ်နိုင်တဲ့ သူက ၁၃၃ သန်းကျန်တယ်၊ အဲဒီထဲမှာ ၈၅ သန်းကကျောင်းသား တွေဆိုတော့ အလုပ်လုပ်နိုင်တဲ့သူ ၄၈ သန်းပဲကျန်တယ်။ တစ်ခါ ၂၉သန်းက ပြည်ထောင်စု အစိုးရဝန်ထမ်းတွေဖြစ်နေပြန်တော့ အလုပ်လုပ်နိုင်သူက ၁၉ သန်းပဲ ရှိတော့တယ်၊ အဲဒီထဲမှာ ၄သန်း က စစ်တပ်ထဲမှာ၊ ခင်ဗျား စဉ်းစားကြည့် ၁၅ သန်းပဲရှိတော့တယ်၊ တစ်ခါ ၁၄သန်းနဲ့ ၈သိန်းက ပြည်နယ်အစိုးရဝန်ထမ်းတွေ၊ ဒီတော့ ၂သိန်းပဲရှိတော့တယ်၊ အဲဒီထဲမှာ ဆေးရုံတက်နေသူက တစ်သိန်း ရှစ်သောင်းရှစ်ထောင်၊ ထောင်ထဲရောက်နေသူတွေက တစ်သောင်း တစ်ထောင်ကိုးရာ ကိုးဆယ့်ရှစ် ရှိတယ်၊ တကယ် အလုပ်လုပ် နေသူက ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်းရှိတယ်၊ ဒီကြားထဲ ခင်ဗျားက ဆိုင်ရှင်ဆိုတော့ ဆိုင်ကမခွာရဘူး၊ အပြင်ထွက်ပြီး ကျုံးရုန်းလုပ်နေရတာ ကျုပ်တစ်ယောက်တည်းမို့ အခုလို ပင်ပန်း နေတာ အံ့သြမနေနဲ့တော့၊ ဒါကြောင့် ကျုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဘီယာနှစ်လုံး အလကားတိုက်ပေတော့ဗျာ ဟုတ်ပလား၊ ကိုယ့်လူ"

mgyoe.com

## ဈေးပိုကောင်းတယ်


"ဒီခြသေ့်ကြီးကို အာဖရိကမှာ အမဲလိုက်ရင်း ကျွန်တော် ပစ်ခဲ့တာလေ၊ တကယ်ပြောရရင် ဒီလောက်ခန့်ညားတဲ့ အကောင်ကြီးကို ကျွန်တော် မပစ်ရက်ပါဘူးဗျာ၊ ဒါပေမဲ့ အခု ကိစ္စမှာ ရွေးဖို့လမ်းမရှိဘူးဗျ၊ ကျုပ်က မသတ်ရင် သူက သတ်မှာပဲ"

"အေးပေါ့ဗျာ ... ခင်ဗျားသားရေထက်စာရင် သူ့သားရေက ပိုပြီး ဈေးကောင်းရတာကိုး"



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## တုံ့ပြန်မှု

"တရားသူကြီးမင်းရှင့်၊ ကျွန်မ ယောကျ်ားဟာ အိမ်မှာရှိသမျှ ပန်းကန်တွေ ဗီရိုတွေ၊ စားပွဲတွေကို ရိုက်ခွဲပစ်ပါတယ်၊ ကျွန်မကိုလည်း ရင့်ရင့်သီးသီးပြောပါတယ်"

"သူက အဲသလို လုပ်ပြီးတဲ့အခါ ပြန်မတောင်းပန်ဘူးလား"

"မတောင်းပန်ပါဘူး၊ ကျွန်မကို ထပ်ပြီး စကားမပြောခင်မှာဘဲ သူ့ကို လူနာတင်ကားနဲ့ သယ်သွားပါတယ်"

mgyoe.com

## အသံကြားရလို့

"မောင်မင်းရဲ့ ယောက္ခမကြီးမောင်းတဲ့ ကားနဲ့ တိုက်မိတယ်ဆိုတာ သေချာရဲ့လားကွာ"

"သေချာပါတယ် တရားသူကြီးမင်း ခင်ဗျား၊ ကားနဲ့ တိုက်မိပြီးတဲ့အခါ သူ့ရဲ့ ကျေကျေနပ်နပ်ရယ်သံကို ဘယ်နေရာက ကြားကြား ကျွန်တော် မှတ်မိပါတယ် ခင်ဗျား"

mgyoe.com



# ကြောက်အားပိုသူ

"ခင်ဗျား ဇနီးအတွက် ဘာမှ မပူနဲ့ သူဆေးရုံက ဆင်းလာတာနဲ့ သူနဲ့ လုံးဝမတူတဲ့ မိန်းမတစ်ယောက်ကို ခင်ဗျား ရလိမ့်မယ်"

"ဟာ ... ကျွန်တော့်မိန်းမ သိသွားရင် ပြဿနာတက်လိမ့် မယ်ဗျ"

mgyoe.com

mgyoe.com

## သူ့အတင်း

"ဟော့ကောင်ကြီး စာပို့သမားအလုပ်သွားလျှောက်တာ ဘယ်လိုနေလဲ"

"သူတို့မေးတဲ့ မေးခွန်းကို မကြိုက်တာနဲ့ မဖြေဘဲ ပြန်လာခဲ့တယ်"

"ဘာမေးလို့လဲကွ"

"လနဲ့ ကမ္ဘာနဲ့ ဘယ်လောက်ဝေးလဲတဲ့ ... ငါ့ကို တာဝန်ပေးမယ့်လမ်းကြောင်း ထင်လို့ မဖြေခဲ့တာ"

## အလုပ်

"ဒီနေ့ ကျွန်တော် အလုပ်ရခဲ့ပြီ၊ ကျွန်တော့် လက်အောက်မှာ လူ ၅၀၀လောက်ရှိတယ်"

"တယ် ... ဟုတ်ပါလား၊ ဘယ်ဌာနမှာလဲ"

"သချိုင်းမှာ မြက်ရိတ်ရတာပါ"

mgyoe.com

mgyoe.com

## ရှေ့နေစကား

"ကျွန်တော့်မှာ အပြစ်ရှိကြောင်း သက်သေအထောက်အထားတွေက အရမ်းခိုင်လုံလွန်းနေတယ် ရှေ့နေကြီးရယ်၊ ကျွန်တော့်မှာ စုဆောင်းထားတဲ့ ဒေါ်လာ ငါးသောင်းရှိပါတယ်၊ အဲသလောက် အကုန်ခံရင် အမှု ဘယ်လိုနေမလဲ"

"ရှေ့နေတစ်ယောက်အနေနဲ့ ခင်ဗျားကို ပြောနိုင်တာကတော့ အခုလို ငွေတွေအများကြီးရှိရက်နဲ့ ထောင်ထဲကို မရောက်စေရဘူး ဗျာ"

ထိုအမှုသည် ထောင်ထဲရောက်သွားသောအခါ သူ့လက်ထဲ ပိုက်ဆံတစ်ပြားမှ မကျန်တော့ပါချေ။ ရှေ့နေပြောစကား အလွန်မှန်ပေစွပါတကား။



mgyoe.com

## ပြောရဲတဲ့သူ

"လောကမှာ ကိုယ့်ယောက္ခမကို ဆင်းသွားလို့ ပြောရဲတဲ့ သူ တစ်ယောက်ပဲရှိတယ်"

"ဘယ်သူပါလိမ့်"

"ဘတ်စ်ကားစပါယ်ယာ"

## သူ့အပြော

"ကျွန်တော့် မိန်းမကို ကြည့်ပေးပါဦး ဒေါက်တာ၊ သစ်ပင်တွေနဲ့ စကားပြောနေလို့"

"အဲဒါ ဘာဖြစ်လဲ"

"သူပြောတာက တယ်လီဖုန်းဆက်ပြီး ပြောနေတာဗျ"

mgyoe.com

mgyoe.com

## ရေးစရာမှမရှိတာ


"ကျွန်ုပ်၏ ဦးနှောက်အကြောင်းဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံး ၅မျက်နှာရေးဖို့ ဆရာက မှာလိုက်တယ်၊ ဘယ်လိုလုပ်ရမလဲ မသိဘူး"

"ဒါများ လွယ်လွယ်လေး၊ ဗလာစာရွက် အလွတ် ၅မျက်နှာ ပေးလိုက်ရုံပဲ"



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ပြောင်းဖို့ မကြိုးစားနဲ့

ရုရှားတစ်ယောက်သည် တီဗွီမှ ဆိုဗီယက်သမ္မတကြီး ဘရက်ဇနက် မိန့်ခွန်းပြောနေခြင်းကို ကြည့်နေသည်။ အတန်ကြာလာသောအခါ ပျင်းရိငြီးငွေ့လာသဖြင့် အခြား ချနယ်တစ်ခု ပြောင်းလိုက်ရာ ဘရက်ဇနက် မိန့်ခွန်းပြောခြင်းကိုပင် ထုတ်လွှင့်နေကြောင်း တွေ့လိုက်ရပြန်သည်။ သို့နှင့် နောက်ထပ် ချနယ်တစ်ခု ပြောင်းလဲလိုက်သောအခါ ရုရှား ကေဂျီဘီအရာရှိတစ်ဦးပုံ ပေါ်လာပြီး ကြည့်နေသူကို လက်ညှိုးထိုးပြောလိုက်သည်။

"နောက်တစ်ခါထပ်ပြီး လိုင်းပြောင်းဖမ်းကြည့် မင်းကို ထောင်ငါးနှစ် ချပစ်လိုက်မယ်"

mgyoe.com

mgyoe.com

## သူတို့သဘောထား

"ခင်ဗျားတို့ ကုမ္ပဏီမှာ အထွေထွေ မန်နေဂျာဆုံးသွားပြီဆို သူ့နေရာမှာ ကျွန်တော် အစားဝင်လို့ရမလားဟင်"

"ကျွန်တော်က သဘောတူပါတယ်၊ ဟို အသုဘပြင်ဆင်ပေးသူတွေက ဘယ်လို သဘောထားမလဲတော့ မသိဘူး"

## သူက အကြည့်သမား

"ကျွန်မ ယောကျ်ားကလေ ရေဒီယိုကလာတဲ့ မနက်ပိုင်း ကျန်းမာရေး လေ့ကျင့်ခန်းအမီ အိပ်ရာအမြဲ ထတယ်ရှင့်"

"တယ် ဟုတ်ပါလား၊ သူကျန်းမာရေးလိုက်စားမှန်း အခုမှ သိတယ်"

"သူလုပ်တာမဟုတ်ဘူး၊ ဟိုဘက်ခြံက အပျိုမလေး လုပ်တာပါ"

mgyoe.com

mgyoe.com

## အလှူခံ

"မေမေရေ အိမ်ရှေ့မှာ အလှူခံတွေရောက်နေတယ်၊ ရေကူးကန်အတွက်တဲ့"

"ဟုတ်လား၊ ဒါဆို ရေတစ်ပုံးလောက် လှူလိုက်ပါ သားရယ်"

## ဥပမာ ပေးခြင်း

"ဆိုရှစ်လစ်ဝါဒဆိုတာ ဘာလဲ"

"ပြည်သူတွေအတွက် အဆောက်အအုံ မိုးကုပ်စက်ဝိုင်းပေါ့"

"အဲဒီရောက်အောင် ဘယ်လိုသွားကြမလဲ"

"မိုးကုပ်စက်ဝိုင်းဆိုတာ စိတ်ကူးထဲက ပုံဖော်ထားတာဖြစ်လို့ ရောက်အောင် သွားလေလေ ပိုပြီး ဝေးလေလေပါပဲ"

mgyoe.com

mgyoe.com

## မနောက်ပါနဲ့

နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူတစ်ဦးက သူ့ကို မဲပေးဖို့ မဲဆွယ်နေသည်။

"ယခုလက်ရှိ အစိုးရဟာ အခွန်တွေလည်း တိုးကောက်နေတယ်၊ အစိုးရ အဖွဲ့ထဲမှာလည်း အလွဲသုံးစားမှုတွေ တင်းကျမ်းပြည့်နေပါတယ်။ ဒါကြောင့် ကျွန်တော့်ကို မဲပေးစေချင်ပါတယ်"

"ခင်ဗျားကို မဲပေးလိုက်ရင် ဒီအစိုးရအဖွဲ့ကို ဖြုတ်ချပေးမှာလား"

"မနောက်ပါနဲ့ဗျာ၊ ကျွန်တော်က ဒီလိုအစိုးရအဖွဲ့ထဲ ဝင်လုပ်ချင်တာဗျ"

mgyoe.com

mgyoe.com

## အဲဒါကြောင့်

"ငါ့အိမ်ဘေးခန်းက မိန်းမဟာ နေ့တိုင်း ငိုနေတာပဲကွာ"
"သူ့ယောကျ်ားအတွက် ငိုတာဖြစ်မှာပေါ့"
"သူ့မှာ ယောကျ်ားမှ မရှိတဲ့ဟာ"
"အေးလေ ... အဲဒါကြောင့်ပေါ့"



## ဒါမှန်တယ်

"ဆိတ်နို့ကို ဘယ်သူအကြိုက်ဆုံး ဖြစ်မလဲ"
"ဆိတ်ကလေးတွေပေါ့"

mgyoe.com

mg

## ကြော်ငြာ

ရှေ့နေတစ်ယောက်သည် သူ့ရုံးအဝ၌ ကြော်ငြာကပ်ထားသည်။ "လိုချင်တာရှိရင် ရအောင်လုပ်နိုင်တဲ့ နည်းလမ်းတစ်ခုရှိရပါမယ်"

"လုပ်ရမယ့် နည်းလမ်းရှိရင် သက်ဆိုင်တဲ့ ဥပဒေတစ်ခုရှိရပါမယ်"

"ဥပဒေဆိုတာရှိရင် ဟာကွက်တစ်ခုရှိနေပါလိမ့်မယ်"

"ဟာကွက်ရှိရင် အဲဒီနေရာမှာ ကျွန်တော် ရှိနေပါတယ်၊ အရောက်လာခဲ့ပါ'

mgyoe.com

mgyoe.com

## မဆိုင်မှန်းသိပါတယ်

"ဟဲလို ဟဲလို မီးသတ်ဌာနလား ခင်ဗျ"

"ဟုတ်ပါတယ် ... ဘယ်မှာ မီးလောင်နေလို့ပါလဲ"

"မီးလောင်မှု မဟုတ်ဘူး၊ ကျွန်တော့် ယောက္ခမ ပျောက်ဆုံးမှုပါ"

"ဟာဗျာ၊ အဲဒါ မီးသတ်နဲ့ဘာဆိုင်လဲ ... ရဲစခန်းတိုင်ရမှာ"

"ဟုတ်ပါတယ်၊ အရင်တစ်ခါ ရဲစခန်းတိုင်တုန်းက ပြန်ရှာတွေ့လာလို့ပါ"

## ဆေးအစွမ်း

"ဆရာပေးတဲ့ စိတ်ငြိမ်ဆေးတွေ ဆက်မသောက်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီဆေးကို သောက်ပြီးရင် တစ်သက်လုံးက ကြည့်မရတဲ့ လင်တော်မောင်ကို ဖော်ဖော်ရွေရွေ ဆက်ဆံမိနေလို့"

mgyoe.com

mgyoe.com

## လူမှမရှိတာ

"မင်းကိုကြည့်ရတာ မျက်နှာ မအီမသာနဲ့ပါလား၊ ဘာဖြစ်လို့လဲ"

" ရထားစီးလာတာ ထိုင်ခုံနေရာကြောင့်ပေါ့ကွာ၊ ရထားစီးတဲ့အခါ ခေါင်းတွဲဘက်ကို ကျောပေးစီးမိရင် အဲသလိုဖြစ်တတ်တယ်လေ"

"ဒါလေးများ ရှေ့ခုံကခရီးသည်ကို အကျိုးအကြောင်းပြောပြပြီး နေရာချင်း လဲလိုက်ပါလား"

"အဲဒါခက်တာပေါ့၊ ရှေ့ခုံမှာ ခရီးသည်မှ မရှိတာ"



mgyoe.com

mgyoe.com

# သူ့သမီးမှတ်လို့

လူတစ်ယောက်သည် သူ၏ စီးပွားရေးလုပ်ငန်းများနှင့် အချိန်ကုန်နေရာ မိသားစုအတွက် လုံးဝအချိန်မပေးနိုင်ဖြစ်နေရသည်။ တစ်ရက်တွင် သူ့ဇနီးဖြစ်သူသည် အခြားမြို့သို့ ထွက်သွားသဖြင့် ကလေးများနှင့် တစ်ညလုံးနေရတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်း ခရီးမှ ပြန်ရောက်လာသော ဇနီးက အခြေအနေမေးလိုက်သည်။

"ညက ဘယ့်နှယ်လဲ၊ ကလေးတွေနဲ့ အဆင်ပြေရဲ့လား"

"သမီးနှစ်ယောက်က ကိစ္စမရှိပါဘူး၊ ဟိုဆံပင်အနီရောင်နဲ့ သမီးလေးက အိပ်ရာဝင်ခါနီး ဂျီကျနေလို့ နှစ်ချက်လောက်ရိုက်ပြီးမှ သိပ်ရတော့တယ်"

"ဘုရားရေ၊ အဲဒါ ဟိုဘက်အိမ်က အဖော်လာဆော့ပေးနေတဲ့ ကောင်မလေးရှင့်"

mgyoe.com

mgyoe.com

## သိချင်လို့

"ကိုကိုရေ ... ကျွန်မ ပြန်လာပြီ"

"မင်းနှယ်ကွာ... ခရီးကပြန်လာရင် မင်းအမေကို ခေါ်မလာပါနဲ့လို့ ကြေးနန်းရိုက်လိုက်တာ မရဘူးလား"

"ရသားပဲ ... အဲဒါကြောင့် မေမေက ရှင်နဲ့တွေ့ဖို့ လိုက်လာတာပေါ့"



mgyoe.com

mgyoe.com

# ထုတ်ကုန်ပစ္စည်း

"ကျွန်တော်တို့ စက်ရုံဟာ ပထမနှစ်မှာ ပစ္စည်းအရေအတွက် ငါးသောင်းပဲ ထုတ်လုပ်နိုင်ပါတယ်၊ ဒုတိယနှစ်ကျတော့ ကုန်ပစ္စည်းအရေအတွက် ငါးသိန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်လာပါတယ်၊ လာမယ့်နှစ်ကျရင် ငါးသန်းအထိ တိုးဖြည့် ထုတ်လုပ်ဖို့ လျာထားပါတယ်"

"တယ်ဟုတ်ပါလား၊ ဘယ်လိုကုန်စည်တွေထုတ်လုပ်တာလဲဟင်"

"ဒါမျိုးတွေပါ ခင်ဗျာ"

စက်ရုံအရာရှိက ကဒ်ပြားတစ်ခု ထုတ်ယူပြသလိုက်သည်။ ကဒ်ပြားပေါ်တွင် ရေးထားသည်မှာ (ကုန်ပြီ) ဟူ၏။

mgyoe.com

mgyoe.com

## မနိုးရဲလို့

"ဝက်ဝံတွေဟာ တစ်နှစ်မှာ သုံးလလောက် ဘာဖြစ်လို့ အိပ်နေကြတာလဲ"

"သူတို့ကို ဘယ်သူမှ မနိုးရဲလို့"

## အိပ်ကြမယ်ဟေ့ ကောင်းကောင်း

အမျိုးသားတစ်ယောက်သည် ဇနီးက အတင်းခေါ်သဖြင့် ပြဇာတ်ကပွဲသို့ စိတ်မပါဘဲ လိုက်ပါခဲ့ရသည်။ ပြဇာတ်ကပြီး နာရီဝက်ခန့်ကြာသောအခါ ယောကျ်ား၏ နံဘေးကို တံတောင်နှင့် အတွတ်ခံရ၍ သူ့ဇနီးကို မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဟန်မတို့ အရှေ့က လူကိုကြည့်ဦး၊ ပြဇာတ်ရုံထဲ လာပြီး တခေါခေါနဲ့ အိပ်မောကျနေလိုက်တာ"

"ဒါလေးပြောဖို့များ ငါ့ကိုနိုးရသလားကွာ"

mgyoe.com

mgyoe.com

## မစားရဲခဲ့တဲ့ဟင်း

"ကိုင်း မနက်ဖြန် မင်းကို ကြိုးပေးတော့မှာဆိုတော့ အခု ညနေစာအတွက် ဘာစားချင်သလဲ၊ ကြက်သားလား၊ဝက်သား လား၊ အမဲသားလား"

"မှိုဟင်းပဲ စားချင်ပါတယ် ထောင်ပိုင်ကြီး"

"ဟာကွာ ကြံကြံဖန်ဖန်၊ ဘာဖြစ်လို့ အသားဟင်းတွေ မစားရတာတုန်း"

"အရင်က မှိုဟင်းကို မစားရဲခဲ့တာကြောင့် မစားဖူးသေးတဲ့ ဟင်းမို့ပါ"



mgyoe.com

mgyoe.com

# ရှက်လိုက်တာနော်

မိန်းမပျိုတစ်ယောက်သည် ဖန်လုံးကြည့် ဗေဒင်ဟောသူထံ ရောက်လာပြီး ဗေဒင်မေးမြန်းလိုက်သည်။ ဗေဒင်ဆရာက ဖန်လုံးကို ပွတ်သပ်ပြီး ပြောလိုက်သည်။

"မင်းရဲ့ ဘယ်ဘက် ဒူးခေါင်းမှာ အမာရွတ်တစ်ခုရှိတယ်"

"မှန်လိုက်တာရှင်၊ ကျွန်မငယ်ငယ်က စက်ဘီးအစီးသင်ရင်း လဲခဲ့တာလေ"

"ပြီးတော့ ညာဘက်ပေါင်မှာ အသည်းပုံ အရုပ်တစ်ခု ဆေးမင်ဆိုးထားတယ်၊ အသည်းမှာ ဂျင်ဆိုတဲ့ စာလုံးရေးထားသေးတယ်"

"ဟုတ်လိုက်တာရှင် အဲဒါ ကျွန်မ ရည်းစားဦးရဲ့ နာမည်ပေါ့"

"ပြီးတော့ မင်းဟာ သိပ်ပြီး သတိမေ့တတ်သူတစ်ဦး ဖြစ်တယ်"

"ဟာ ကွက်တိပါလား ... ဒါထက် ဒါတွေအားလုံး ဖန်လုံးထဲမှာ မြင်ရတာလားဟင်"

"အင်း ... တကယ်တော့ ဖန်လုံးထဲမှ ဘာမှမတွေ့ရပါဘူး၊ မင်းအိမ်ကထွက်လာကတည်းက အဝတ်အစား ဝတ်လာဖို့ သတိမေ့ခဲ့တယ်လေ"

mgyoe.com

# အူကြောင်ကျား

"ဟဲလို ... ဟဲလို ... မီးသတ်ဌာနလား၊ ဒီမှာ မီးလောင်နေလို့"

"ဘယ်မှာလောင်တာလဲ"

"ကျွန်တော်တို့အိမ်မှာ"

"ကျွန်တော်မေးတာက ဘယ်နေရာလဲလို့ မေးနေတာ"

"ကျွန်တော်တို့အိမ်ရဲ့ မီးဖိုချောင်မှာ လောင်နေတာပါ"

"ကောင်းပြီ ခင်ဗျားအိမ်ကို ဘယ်လိုလာခဲ့ရမလဲ၊ ပြောပါ"

"ဟာဗျာ ခင်ဗျားတို့ဆီမှာ မီးသတ်ကား နီနီကြီးတွေရှိသားပဲဟာ ... အဲဒါနဲ့ လာခဲ့ကြလေ"

mgyoe.com

mgy

## လျှောက်လဲချက်ပေးနည်း

ရှေ့နေကျောင်းဆရာတစ်ဦးသည် ဥပဒေကျောင်းသားများအား တရားရုံးတွင် လျှောက်လဲချက် ပေးပုံပေးနည်း ပို့ချပေးနေသည်။

"အချက်အလက်တွေက ကိုယ့်ဘက်မှာ အလေးသာနေရင် အချက်အလက်တွေနဲ့ မှန်သွားအောင် ပစ်ပေါက်ရတယ်။ ဥပဒေရဲ့ အားသာချက်က ကိုယ့်ဘက်မှာ ရှိနေရင် ဥပဒေတွေနဲ့ ကိုင်ပေါက်ပစ်ရတယ်"

"တကယ်လို့ ကိုယ့်ဘက်မှာ ဘာမှရှိမနေရင်ရော"

"အဲဒါဆို စားပွဲခုံကို တဒုံးဒုံး မြည်အောင် ထုပစ်ရတယ်ကွ"

mgyoe.com

mgyoe.com

## အဲသလို မှတ်ယူလိုက်ပါ

လူတစ်ယောက်သည် ညကြီးအချိန်မတော်တွင် နေအိမ်တစ်ခုရှိ အိပ်ခန်းတံခါးကို ဖွင့်ဝင်လိုက်သည်။ အခန်းထဲမှ အမျိုးသမီးက အိပ်ချင်မူးတူးလေသံဖြင့် မေးလိုက်သည်။

"ဘယ်သူလဲ.. ဂျွန်လားဟင်"

"အေး ဟုတ်တယ်၊ ဂျွန်လို့ပဲ သဘောထားလိုက်ပေတော့"

## မခန်းခြောက်အောင်

"ပင်လယ်ကြီးကို မခန်းခြောက်အောင် ဘာက ထိန်းသိမ်းပေးထားတာလဲ"

"ရေ"

mgyoe.com

mgyoe.com

## ကြောက်ရမည့်သူ

"ငါလို ကျောင်းအုပ်ဆရာကြီးတစ်ယောက်အနေနဲ့ ဘယ်သူ့ကို ကြောက်ရမယ်လို့ ထင်နေသလဲကွ"

"ဆ ... ဆ... ဆရာကတော့် အမေကိုပါ"

## ရစေမယ်

"အရှင်ဘုရား ဒေါ်လာသန်းတစ်ထောင်ဆိုတာ ကိုယ်တော်မြတ်အတွက် အဘယ်မျှလောက်တန်ဖိုးရှိတယ်လို့ ယူဆပါသလဲဘုရား"

"တစ်ပဲနီမျှသာဖြစ်ပေတယ်"

"ရာစုနှစ်ပေါင်း တစ်ထောင်ဟာလည်း ကိုယ်တော်မြတ်အတွက် အဘယ်မျှလောက် ကြာမြင့်ပါသလဲ"

"တစ်စက္ကန့်မျှသာဖြစ်ပေတယ်"

"ဒါဆိုရင် တပည့်တော်ကို တစ်ပဲနီမျှ ပေးသနားတော်မူပါအရှင်"

"တစ်စက္ကန့်အတွင်းရစေမယ်"

mgyoe.com

## သူ့အတိုင်းပဲထား

"နွားနို့မချဉ်အောင် ဘယ်လိုလုပ်ရမလဲဟင်"
"နွားမကြီးဆီက မညှစ်နဲ့ပေါ့"



mgyoe.com

mgyoe.com

## ရိုင်းပျသူ

"ဒီနေ့ မနက်ပိုင်းတွေ့ရတဲ့ လူတစ်ယောက်ဟာ အတော်ရိုင်းတာပဲ။ သူက ကျွန်မကို စော်ကား မော်ကား ပြောတယ်၊ ဆဲလိုက်တာလည်း မိုးမွှန်နေတာပဲ၊ ပြီးတော့ ကျွန်မကို ခြိမ်းခြောက်သေးတယ်ရှင့်"

"နေပါဦး မင်းနဲ့သူနဲ့ ဘယ်လိုတွေ့ကြတာတုံး"

"သူ့ကို ကျွန်မကားနဲ့ ပွတ်မိသွားလို့လေ"

## တစ်ဦးတည်းသောသူ

"ဒီနေ့ ကလပ်မှာ ပြောသံကြားခဲ့ရတယ်၊ ငါတို့နေတဲ့ လမ်းထဲမှာ မိန်းမတစ်ယောက်ကလွဲလို့ ကျန်တဲ့ မိန်းမတွေ အားလုံး နွားနို့ပို့တဲ့ကုလားနဲ့ အီစီကလီ လုပ်ဖူးတယ် ဆိုပါလား...၊ အဲဒီ တစ်ယောက်သော မိန်းမဆိုတာ ဘယ်သူများဖြစ်မလဲ မိန်းမရဲ့"

"အင်း ကျွန်မအထင်တော့ ခြေရင်းအိမ်က ကျောက်ပေါက်မာ ဗရုဇျစ်နဲ့ကောင်မပဲ ဖြစ်လိမ့်မယ်ရှင့်"

mgyoe.com

## ပုံတူချုပ်စွပ်

"ဝက်တစ်ကောင်နဲ့ အရမ်းတူတာ ဘာဖြစ်မလဲ"
"နောက်ထပ် ဝက်တစ်ကောင်ပေါ့"



mgyoe.com